ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ညွှန်ကြားချက်အမှတ် ၂ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

## ကုန်သွယ်မှုအတွက် ရည်ရွယ်၍ တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများ လိုက်နာဆောင်ရွက်ရမည့်ညွှန်ကြားချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ပြည်တွင်း စားသုံးမှု ဖူလုံစေပြီး ပြည်ပသို့ တင်ပို့ခြင်းတို့တွင် အာဟာရပြည့်ဝ၍ အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်သည့် တိရစ္ဆာန်အစာထုတ်လုပ်ဖြန့်ဖြူးနိုင်စေရန် ရည်ရွယ်၍ တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများ လိုက်နာဆောင်ရွက်ရန် တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၅၊ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်-

၁။ ဤညွှန်ကြားချက်သည် စိုက်ပျိုးရေးသီးနှံတစ်မျိုးမျိုး သို့မဟုတ် တိရစ္ဆာန်အစာစိုက်ပျိုးပင်တစ်မျိုးမျိုးကို အသုံးပြု၍ ကုန်သွယ်မှုအတွက် ရည်ရွယ်ပြီး တိရစ္ဆာန်အစာပင် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် တိရစ္ဆာန်အစာချဉ်ဖတ် (Silage) ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများအားလုံးအတွက် အကျုံးဝင်စေရမည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၂။ ဤညွှန်ကြားချက်တွင်ပါရှိသော စကားရပ်များသည် တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိရစ္ဆာန်အစာချဉ်ဖတ် (Silage)** ဆိုသည်မှာ စိုက်ပျိုးသီးနှံတစ်မျိုးမျိုး သို့မဟုတ် တိရစ္ဆာန်အစာစိုက်ပျိုးပင်တစ်မျိုးမျိုးကို လေကင်းမဲ့သော အခြေအနေတွင် အချဉ်ပေါက်စေပြီး စနစ်တကျ သိုလှောင်သိမ်းဆည်းထားရာမှ ရရှိလာသော တိရစ္ဆာန်အစာကို ဆိုသည်။

(ခ) **တိရစ္ဆာန်အစာရောနှောပစ္စည်း** ဆိုသည်မှာ တိရစ္ဆာန်အစာ၏ အစိုဓာတ်ကို ထိန်းညှိရန်၊ အချဉ်ပေါက်မှုဖြစ်စဉ်ကို အားပေးရန်၊ ချဉ်ဖတ်၏ အရည်အသွေးမြင့်မားရန်အတွက် ထပ်မံရောနှောသည့် ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် အကျိုးပြု ပိုးမွှား၊ အင်ဇိုင်း၊

ချဉ်ဖန်ဓာတ်ထိန်းညှိသည့် ဓာတုပစ္စည်းများ၊ အနည်းငယ်မျှသာ လိုအပ်သည့် ဓာတ်သတ္တုပစ္စည်းများ(sodium chloride, calcium, phosphorus, sulfur, potassium, magnesium, manganese, iron, copper, cobalt, iodine, zinc, molybdenum, and selenium,...etc,)၊ ဗီတာမင်များ၊ ကုန်းနေ၊ ရေနေ အပင်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများလည်း ပါဝင်သည်။

(ဂ) **ညစ်နွမ်းခြင်းဆိုသည်မှာ** တိရစ္ဆာန်အစာပင်ဖြင့် ချဉ်ဖတ်ပြုလုပ်စဉ်တွင် ချဉ်ဖတ်၏ အရည်အသွေးကို ကျဆင်းစေသည့် အရာများပါဝင်ခြင်း၊ တိရစ္ဆာန်အစာ သို့မဟုတ် တိရစ္ဆာန်အစာရောနှောပစ္စည်းများတွင် ညွှန်ကြားချက်အရ တားမြစ်ထားသည့်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်နှင့် ပြည်သူ့ကျန်းမာရေးအတွက် ဘေးအန္တရာယ် ဖြစ်စေနိုင်သည့် အရာ တစ်မျိုးမျိုးပါဝင်ခြင်းကို ဆိုသည်။

**ခွင့်ပြုလက်မှတ်လျှောက်ထားခြင်း**

၃။ (က) တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် အပိုဒ် ၄ ပါ အချက်များနှင့်အညီ ဆောင်ရွက်ပြီး ခွင့်ပြုလက်မှတ် ရရှိရန် ညွှန်ကြားရေးမှူးချုပ်သို့လိပ်မူ၍ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အောက်ပါအထောက်အထားများ ပူးတွဲလျှောက်ထားရမည်-

(၁) တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်ခြင်းဆိုင်ရာ အဆောက်အအုံ အကွက်ချပုံစံ (Layout Plan)၊

(၂) ဦးစီးဌာန၏ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်။

(ခ) တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်မည့် လုပ်ငန်းသည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

**လုပ်ငန်း၏ အင်္ဂါရပ်များ**

၄။ တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်သည့် အဆောက်အအုံ သို့မဟုတ် နေရာကို အောက်ပါအတိုင်း စီမံထားရှိရမည်-

(က) တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်သည့်လုပ်ငန်းကို လူနေအိမ်များ၊ သတ္တုစက်ရုံများ၊ ဓာတုပစ္စည်းစက်ရုံများနှင့်ဝေးကွာ၍ ရေမဝပ်သော၊ မြေပြိုလွယ်မရှိသော၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော၊ သန့်ရှင်းသောရေနှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိနိုင်သော နေရာတွင် ရွေးချယ်၍ ဆောင်ရွက်ထားရှိရမည်။

(ခ) တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်သည့် ပမာဏအလိုက် မြေနေရာအကျယ်အဝန်း၊ သင့်လျော်သောအဆောက်အအုံ၊ စက်ပစ္စည်း လုံလောက်စွာရှိရမည်။

(ဂ) တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း ဧရိယာကို ခြံစည်းရိုးဖြင့် လုံခြုံခိုင်ခံ့စွာ ကာရံထားရှိရမည်။

(ဃ) ဝင်ပေါက်ထွက်ပေါက်နေရာများတွင် ပိုးသတ်ဆေးကန်နှင့် ပိုးသတ်ဆေးဖြန်းစနစ် ထားရှိရမည်။

(င) တိရစ္ဆာန်အစာချဉ်ဖတ် အမျိုးအစားအလိုက် ခွဲခြားထားရှိနိုင်ရန် နေရာ သို့မဟုတ် သိုလှောင်ရုံ လုံလောက်စွာ ရှိရမည်။

(စ) ပါဆယ်ထုပ်ပိုးခန်း ထားရှိရမည်။

(ဆ) ကုန်ချောသိုလှောင်ခန်း လုံလောက်စွာထားရှိရမည်။

(ဇ) အဆောက်အအုံနှင့် သိုလှောင်ခန်းများအားလုံးကို သန့်ရှင်းခြင်းနှင့် ပိုးသတ် သန့်စင်ခြင်းတို့ ပြုလုပ်ရာတွင် လွယ်ကူစေရန် စီမံထားရှိရမည်။

(ဈ) ပစ္စည်းကိရိယာများအားလုံးသည် အလွယ်တကူထိန်းသိမ်းထားနိုင်သော၊ ပိုးသတ် သန့်စင်နိုင်သော၊ အလွယ်တကူ မပျက်စီးနိုင်သော ပစ္စည်းများ ဖြစ်ရမည်။

(ည) အခန်းနှင့် အသုံးအဆောင်ပစ္စည်းများကို သန့်ရှင်းခြင်းနှင့် ပိုးသတ်သန့်စင်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပစ္စည်းကိရိယာများ လုံလောက်စွာ ရှိရမည်။

(ဋ) လုပ်ငန်း၏ ဝင်ပေါက်၊ ထွက်ပေါက်များတွင် လက်ဆေးဆပ်ပြာ၊ ပိုးသတ်ဆေးနှင့် ခြေဆေးကန်ကို ဝန်ထမ်းအရေအတွက်ပေါ်မူတည်၍ လုံလောက်စွာ တပ်ဆင်ထားရှိရမည်။

(ဌ) တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်သည့်နေရာ သို့မဟုတ် အဆောက်အအုံနှင့် သိုလှောင်ထားရှိသည့်နေရာများတွင် ကြွက်နှင့် အခြားတွင်းအောင်းသတ္တဝါများအပြင် အင်းဆက်၊ ငှက်နှင့် အခြားတိရစ္ဆာန်များ ဝင်ရောက်မှုမရှိအောင် စီမံဆောင်ရွက်ထားရှိရမည်။

(ဍ) အညစ်အကြေးစွန့်ပစ်ခြင်းဆိုင်ရာကောင်းမွန်သောစနစ် ပါရှိရမည်။

(ဎ) စီမံအုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံကို သီးခြားတည်ဆောက်ထားရှိရမည်။

(ဏ) ဝန်ထမ်းများ နားနေခန်း၊ အဝတ်လဲခန်း၊ ထမင်းစားခန်းနှင့် သန့်စင်ခန်းများ သီးသန့် စီမံထားရှိရမည်။

(တ) လမ်းညွှန်ဆိုင်းဘုတ်များ၊ သတိပေးဆိုင်းဘုတ်များ ပြုလုပ်ထားရှိရမည်။

**စိုက်ပျိုးခြင်း**

၅။ တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိသူသည် တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ရန် စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်ရန် စိုက်ပျိုးသီးနှံပင် သို့မဟုတ် တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းကို ဦးစီးဌာနက သတ်မှတ်ထားသော စာရင်းဝင် တိရစ္ဆာန်ကူးစက်ရောဂါများ ဖြစ်ပွားခြင်း မရှိသည့် ဒေသများတွင်သာ စိုက်ပျိုး ထုတ်လုပ်ရမည်။

(ခ) စိုက်ပျိုးရေးဦးစီးဌာနက သတ်မှတ်ထားသည့် ကောင်းမွန်သော စိုက်ပျိုးရေး ကျင့်စဉ် (GAP)နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရမည်။

(ဂ) ကောင်းမွန်သော စိုက်ပျိုးရေးကျင့်စဉ် (GAP)နှင့်အညီ စိုက်ပျိုးထုတ်လုပ်ထားခြင်း ဖြစ်ကြောင်းနှင့် မျိုးရိုးဗီဇ ပြုပြင်ထားသော မျိုးများ မဟုတ်ကြောင်း စိုက်ပျိုးရေး ဦးစီးဌာန၏ ထောက်ခံချက် ရယူထားရှိရမည်။

**တိရစ္ဆာန်အစာကုန်ကြမ်း အသုံးပြုခြင်း**

၆။ တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိသူသည် တိရစ္ဆာန်အစာကုန်ကြမ်း အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာရမည်-

(က) တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်ရာတွင် ဦးစီးဌာနက သတ်မှတ်ထားသော စာရင်းဝင် ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမရှိသည့် ဒေသမှ အစာကုန်ကြမ်းများကိုသာ အသုံးပြုရမည်။

(ခ) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ဦးစီးဌာနက ခွင့်ပြုထားသော သို့မဟုတ် ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် တင်သွင်းလာသည့် တိရစ္ဆာန်အစာကုန်ကြမ်းများကိုသာ အသုံးပြုရမည်။

(ဂ) တိရစ္ဆာန်အစာကုန်ကြမ်းများ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာရမည်။

**စစ်ဆေးမှုခံယူခြင်း**

၇။ တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် ရရှိသူသည် တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ကွင်းဆင်းစစ်ဆေးမှုနှင့် ဓာတ်ခွဲခန်းများတွင် ထုတ်လုပ်မှု အသုတ်(Batch) အလိုက် စစ်ဆေးခြင်းကို အောက်ပါအတိုင်း ခံယူရမည်-

(က) ကုန်သွယ်ဖက်နိုင်ငံ၏ လိုအပ်ချက်အရ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ ကင်းရှင်းခြင်း ရှိ မရှိ၊

(ခ) အဆိပ်အတောက်များဖြစ်စေသည့် မှိုဆိပ် (Alflatoxin) ပါဝင်မှု ရှိ မရှိ၊

(ဂ) အရည်အသွေးနှင့် အာဟာရ တန်ဖိုး ပါဝင်မှု အခြေအနေ။

**ထောက်ခံချက်ရယူခြင်း**

၈။ တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် ရရှိသူသည် မိမိထုတ်လုပ်သည့် တိရစ္ဆာန်အစာချဉ်ဖတ်နှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ အထက်အပိုဒ် ၇ နှင့်အညီ ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူပြီးနောက် စစ်ဆေးမှုခံယူပြီးကြောင်း ထောက်ခံချက် ရယူရမည်။

**တိရစ္ဆာန်အစာချဉ်ဖတ်များကို ပြည်ပသို့ တင်ပို့ခြင်း**

၉။ တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် ရရှိသူသည် မိမိထုတ်လုပ်ထားသည့် တိရစ္ဆာန်အစာချဉ်ဖတ်များကို ပြည်ပသို့ တင်ပို့လိုပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) ထောက်ခံချက်လက်မှတ်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အောက်ပါအထောက်အထားများ ပူးတွဲလျှောက်ထားရမည်-

(၁) ဦးစီးဌာန၏ စည်းကမ်းချက်များကို သိရှိလိုက်နာမည် ဖြစ်ကြောင်း ကတိခံဝန်ချက်၊

(၂) ကုန်ပစ္စည်းအမှာလွှာ (Proforma Invoice)၊

(၃) အရောင်း အဝယ် သဘောတူ စာချုပ် (Sales Contract)၊

(၄) ယခင်တင်ပို့ပြီးစီးမှု အထောက်အထား (ED- Export Declaration) မိတ္တူ၊

(၅) ကောင်းမွန်သော စိုက်ပျိုးရေးကျင့်စဉ် (GAP)နှင့်အညီ စိုက်ပျိုးထုတ်လုပ်ထားခြင်းဖြစ်ကြောင်းနှင့် မျိုးရိုးဗီဇ ပြုပြင်ထားသော မျိုးများ မဟုတ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်၊

(၆) တိရစ္ဆာန်အစာ ချဉ်ဖတ်နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ စစ်ဆေးမှု ခံယူပြီးကြောင်း ထောက်ခံချက်။

(ခ) ထုတ်ပိုးမှုပုံစံနှင့် အမှတ်တံဆိပ်ကပ်ခြင်းတို့ကို ကုန်ပစ္စည်းဝယ်ယူသည့်နိုင်ငံ၏ လိုအပ်ချက်နှင့် ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဖော်ပြရမည်။

(ဂ) ဦးစီးဌာနက ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

**တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်သူများ လိုက်နာရမည့်အချက်များ**

၁၀။ တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် ရရှိသူသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ထုတ်လုပ်မှု၊ ထုတ်လုပ်နှုန်းကို လစဉ်စာရင်းပြုစုပြီး လက်မှတ်ရေးထိုး၍ ဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

(ဃ) ဓာတ်ခွဲခန်းစမ်းသပ်ချက်အရ တိရစ္ဆာန်အစာချဉ်ဖတ်များတွင် တိရစ္ဆာန်များ စားသုံးရန် မသင့်လျော်သော ဓာတ်ကြွင်း အာနိသင်များ၊ ပိုးသတ်ဆေး ပါဝင်မှုများ၊ အခြားရောဂါနှင့် ဆက်စပ်သော ဘေးထွက်ဆိုးကျိုး (Side Effect)များ တွေ့ရှိပါက ရောင်းချခွင့် ပိတ်ပင်ခြင်း ခံရမည်။

(င) ခွင့်ပြုလက်မှတ်သက်တမ်းသည် တစ်နှစ်ဖြစ်ပြီး သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ အသစ်ထပ်မံ လဲလှယ်ပြုလုပ်ရမည်။

(စ) တိရစ္ဆာန်အစာချဉ်ဖတ် ကုန်ချောများ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) မိမိလုပ်ငန်းတွင် ကူးစက်ရောဂါကင်းရှင်းပြီး ကျန်းမာရေးကောင်းမွန်သော လုပ်သားများကိုသာ ခန့်ထားရမည်။

(ဇ) လုပ်ငန်းသုံးပစ္စည်းကိရိယာများကို အသုံးပြုပြီးသည့်အခါတိုင်း စင်ကြယ်စွာ ဆေးကြော၍ ပိုးသတ်သန့်စင်ထားရှိရမည်။

(ဈ) စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များ မရှိစေရန် အမြဲတမ်းသန့်ရှင်းနေရမည်။

(ည) လိုအပ်သော နေရာများတွင် ယာယီအမှိုက်ပုံးများ စီစဉ်ထားရှိရမည်။

(ဋ) မိမိလုပ်ငန်းမှ ထွက်ရှိသည့် အမှိုက်သရိုက်၊ အညစ်အကြေး စသည်တို့ကို အများပြည်သူဆိုင်ရာလမ်း၊ လမ်းဘေး၊ ရေမြောင်း၊ ချောင်းများသို့ မရောက်ရှိစေရေးအတွက် သတ်မှတ်ထားသည့်နေရာတွင်သာ စနစ်တကျ စွန့်ပစ်ရမည်။

၁၁။ တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် ရရှိသူသည် ဤညွှန်ကြားချက်ပါ အချက်များအပြင် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် ယင်းဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အရေးယူခြင်းခံရမည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/၂၀၂၂( ၀၇၇)
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်
တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)
ခရိုင်ဦးစီးဌာနမှူးများ(အားလုံး)
မြို့နယ်ဦးစီးဌာနမှူးများ(အားလုံး)
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ကြော်ငြာသင်ပုန်း(သက်ဆိုင်သူများသိစေရန်)

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ၊ သုကျန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ညွှန်ကြားရေးမှူး(ဌာနခွဲအားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူး(ဌာနစုအားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မျှောစာတွဲ
လက်ခံစာတွဲ